**"MAB ဆေးရောင်ခြယ် Run" စည်းမျဉ်းစည်းကမ်း**

- **"MAB ဆေးရောင်ခြယ် Run"** သည် မြန်မာ့ရှေ့ဆောင်ဘဏ်မှ ကြီးမှူး ကျင်းပပြီး မန္တလေးတိုင်းဒေသကြီးအစိုးရမှ ကူညီပံ့ပိုးသော လူမှုအကျိုးပြု ပျော်ပွဲရွှင်ပွဲ အစီအစဉ်တစ်ခု ဖြစ်ပါသည်။
- အဆိုပါပွဲကို ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ (၁၆) ရက်နေ့တွင် မန္တလေးမြို့၌ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။
- အစီအစဉ်မှာ Hilton Hotel Mandalay ၊ မန္တလေးကျုံး အရှေ့ဘက်တစ်လေ ျ၄ ာက်မှ ရွှေမန်းတောင်ဂေါက်ကွင်းအထိ ၅ ကီလိုမီတာ ကွာဝေးသော ပြေးလမ်း တစ်လျှောက်တွင် ရောင်စုံကာလာမှုန့်များ ပက်ဖြန်းကစားကြမည့် အပျော်တမ်း ပြေးပွဲ တစ်ခုဖြစ်သည်။
- ပြည်သူလူထု၏ စိတ်အပန်းဖြေနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပူးပေါင်း ကျင်းပသည့် အပျော်တမ်း ရောင်စုံပြေးပွဲဖြစ်သည့်အားလျော်စွာ အဆိုပါ ပြေးပွဲတွင် ပါဝင်သူများအားလုံးကို အထိမ်းအမှတ်တန်းတူဆုတံဆိပ်များ (Finisher Medal) ပေးအပ်သွားမည် ဖြစ်ပါသည်။
- "MAB ဆေးရောင်ခြယ် Run" တွင် ဂျုံဖြင့်ပြုလုပ်ထားသော ရောင်စုံ ကာလာမှုန့်များဖြင့် ပက်ဖြန်းကစားကြမည်ဖြစ်သည့်အတွက် မိမိ၏ ကျန်းမာရေး နှင့်ကိုက်ညီမှု မရှိပါက ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုပါရန် (အထူး)အသိပေးအပ် ပါသည်။
- အစီအစဉ်တွင် မြန်မာ့ရှေ့ဆောင်ဘဏ်ဝန်ထမ်းများလည်း ပါဝင်နိုင်သည်။
- "MAB ဆေးရောင်ခြယ် Run" တွင် ပါဝင်လိုသူများအနေဖြင့် အွန်လိုင်းမှ (www.mabsayyaungchelrun.com) Register ပြုလုပ်နိုင်သလို၊ သတ်မှတ် ဘဏ်ခွဲများတွင်လည်း Register ပြုလုပ်နိုင်ပါသည်။
- Register ပြုလုပ်စဉ်က ကြိုတင်ရွေးချယ်ခဲ့သော မြန်မာ့ရှေ့ဆောင်ဘဏ်ခွဲများတွင် မှတ်ပုံတင်နှင့်တကွ Runner Pack များ ထုတ်ယူရမည်ဖြစ်သည်။
- ပြေးပွဲလက်မှတ်ရောင်းရငွေအားလုံးကို မြန်မာ့ပညာရေးမဏ္ဍိုင်တိုးတက်ရေး ရည်ရွယ်ချက်ဖြင့် လှူဒါန်းသွားမည်ဖြစ်ပါသည်။
- ပြေးပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည်များကို MAB Call Center 01 8610612 သို့ ၂၄ နာရီမေးမြန်းစုံစမ်းနိုင်ပါသည်။